# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 1, 2026 Volume 103 , Number 1


| ၁.၇.၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၂၉၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၀.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၁.၁၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၇.၂၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၀၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၂.၉၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၉၂ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး ဆွေးနွေး



မြန်မာနိုင်ငံရဲ့အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ စီမံကိန်းတွေမှာ တက်ကြွစွာပါဝင်ဆောင်ရွက်ရေးနဲ့ စီမံကိန်းတွေကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြတယ်လို့ နိုင်ငံခြားရေး ဝန်ကြီးဌာနက သိရပါတယ်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI) အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၃၀ ရက် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမမှာ ကျင်းပခဲ့ပါတယ်။

အစည်းအဝေးမှာ BRI အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီကို အထောက်အကူပြုဖို့ ဝန်ကြီး ဌာနတွေအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ BRI စီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ မြန်မာနဲ့တရုတ်နိုင်ငံအကြား အပြန် အလှန် အကျိုးစီးပွားဖြစ်ထွန်းတဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်ရေးတို့နဲ့စပ်လျဉ်းပြီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြတယ်လို့ဆိုပါတယ်။ အစည်းအဝေးကို ဝန်ကြီးဌာန (၂၃)ခု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ နေပြည်တော်ကောင်စီတို့က ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်တွေ တက်ရောက်ခဲ့ကြပြီး (BRI) မူဘောင်အောက်မှာ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စီမံကိန်းတွေနဲ့ တိုးတက်မှုတွေကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ရန်ကုန် – မော်လမြိုင်ရထားလမ်းတွင် အမှတ် (၈၃) အဆန် DEMU ရထားတွဲဆိုင်းသစ် စတင်ပြေးဆွဲ



ရန်ကုန် – မော်လမြိုင်ရထားလမ်းပိုင်းတွင်အမှတ် (၈၃) အဆန် DEMU ရထားတွဲဆိုင်းသစ် စတင်ပြေးဆွဲခြင်းဖွင့်ပွဲကို ယနေ့ (ဇူလိုင် ၁ ရက်) နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး အမှတ် (၁) စင်္ကြံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကား ပြောကြားပြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ခေတ်မီ DEMU ရထားတွဲဆိုင်းများအသုံးပြု၍ ရန်ကုန်–မော်လမြိုင် ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်–မော်လမြိုင် ခရီးစဉ်အဖြစ် စတင်ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စတင်ထွက်ခွာမည့် ရထားစက်ခေါင်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**Source:** https://www.npnewsmm.com/news

## ကျေးလက်နေလူငယ်ထု ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို Pilot Project ဖြင့် မိတ္ထီလာမြို့နယ်မှ စတင်ဆောင်ရွက်မည်



ကျေးလက်နေလူငယ်ထု ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို Pilot Project ဖြင့် မိတ္ထီလာမြို့နယ်မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းက ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက ယမန်နေ့(ဇူလိုင်လ ၁ ရက်) မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့်တွေ့ဆုံပွဲတွင် အထက်ပါကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးလက်နေလူငယ်ထု ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲမည်ဖြစ်ရာ စီမံချက်ရေးဆွဲနိုင်ရန် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဝင်များက ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်လုံး တစ်ပြိုင်တည်းဆောင်ရွက်ရန် မလွယ်ကူသည့်အတွက် Pilot Project အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်မှ စတင်ဆောင်ရွက်လိုကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် ယင်းတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တို့က လူငယ်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**Source:** https://www.npnewsmm.com/news

## တောင်ကိုရီးယားသွင်းကုန်ပြပွဲ ၂၀၂၆(Korea Import Expo 2026)တွင် မြန်မာသံရုံး၊ ဆိုးလ်မြို့မှ မြန်မာပြခန်းပါဝင်ပြသ၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့




တောင်ကိုရီးယားသွင်းကုန်ပြပွဲ(Korea Import Expo 2026–KIE 2026) ကို ၂၀၂၆ ခုနှစ်၊ ဖွန်လ ၂၃ ရက်မှ ၂၅ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ရှိ COEX(Hall B)၌ကျင်းပခဲ့ရာ မြန်မာသံရုံး၊ ဆိုးလ်မြို့၏ အစီအစဉ်ဖြင့် မြန်မာ ပြခန်း (Myanmar Pavilion)ပါဝင်ပြသပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

KIE 2026 ပြပွဲကို တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ Korea Trade-Investment Promotion Agency (KOTRA)နှင့် ဆိုးလ်မြို့ရှိ နိုင်ငံခြားသံရုံးများ၏ ပူးပေါင်းပါဝင်မှုဖြင့် Korea Importers Association (KOIMA)က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါပြပွဲသည် နိုင်ငံတကာမှ အရည်အသွေးမြင့်ကုန်ပစ္စည်းများကို ကိုရီးယား ဈေးကွက်နှင့် ချိတ်ဆက်ပေးရန်၊ Global Supply Chain ချဲ့ထွင်ရန်နှင့် Business Matching အခွင့်အလမ်းများ ဖန်တီးပေးရန်ရည်ရွယ်သည့် တောင်ကိုရီးယားနိုင်ငံ၏ တစ်ခုတည်းသော သွင်းကုန်အထူးပြု B2B ကုန်စည်ပြပွဲဖြစ်သည်။

ပြပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဖွန်လ ၂၃ ရက်နေ့ နံနက် ၁၀:၃၀ နာရီတွင် ကျင်းပခဲ့ရာ KOIMA ဥက္ကဋ္ဌ၊ ဆိုးလ်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ASEAN-Korea Centre (AKC)အတွင်းရေးမှူးချုပ်၊ AKC မှတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မြန်မာသံရုံး၊ ဆိုးလ်မြို့မှ သံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့်မောင် တက်ရောက်ခဲ့ ပါသည်။ KIE 2026 ပြပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံကိုယ်စားပြုပြခန်းများ၊ ကုမ္ပဏီများနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အစည်းစုစုပေါင်း ၅၅ ခုတို့က ပြခန်းပေါင်း ၁၆၆ ခန်းဖြင့် ပါဝင်ပြသခဲ့သည်။

မြန်မာပြခန်းကို ပြခန်းအမှတ် F06 ၌ ဖွင့်လှစ်ပြသခဲ့ပြီး စီးပွားရေးသံမှူး ဒေါ်ဝင်းပပသူကဦးစီးကာ မြန်မာ့ ပေါ်ဆန်းမွှေးဆန်၊ ကော်ဖီ၊ မြန်မာဘီယာ၊ ပဲအမျိုးမျိုး၊ အသင့်စားစားသောက်ကုန်များ၊ ထောပတ်သီးဆီ (Avocado Extra Virgin Oil)နှင့် မြန်မာ့လက်မှုပစ္စည်းများဖြစ်သည့် ယွန်းထည်နှင့်ကြိမ်ထည်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုဒေသများနှင့်ခရီးစဉ်များကို Digital Display ဖြင့်ပြသထားရာ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာပြခန်းသို့ လာရောက်လေ့လာသူများကို မြန်မာ့ထွက်ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ အခြေအနေများကို စီးပွားရေးသံမှူးနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ဆောင်ရွက်လိုသည့်အကြောင်းအရာအလိုက် Business Matching ဆွေးနွေးမှုများကို လက်ခံဆောင်ရွက်ပေးခဲ့သည်။

Korea Import Expo 2026 သို့ လာရောက်ကြသည့် ဧည့်သည်တော်များသည် မြန်မာပြခန်းတွင်ပြသထားသော မြန်မာ့ထောပတ်သီးဆီ (Avocado Extra Virgin Oil)ကို အထူးစိတ်ဝင်စား နှစ်သက်ကြပြီး မြန်မာ့ပေါ်ဆန်းမွှေးဆန်၊ ကော်ဖီ၊ ပဲထောပတ်(အဖြူ/အနီ)၊ မြန်မာ့အသင့်စားစားသောက်ကုန်များနှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာများကိုလည်း စိတ်ဝင်တစားလေ့လာခဲ့ကြပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ Sakata အမျိုးအစားအပါအဝင် ငရုတ်သီးမျိုးစုံဝယ်ယူတင်သွင်းလိုမှုနှင့်ပတ်သက်၍ လာရောက်ဆွေးနွေးမှုများ၊ ပေါ်ဆန်းမွှေးဆန်နမူနာရရှိလိုသဖြင့် လာရောက် ဆွေးနွေးမှုများရှိခဲ့သကဲ့သို့ ဂေါက်သီးအားကစားအခြေပြုခရီးသွားလုပ်ငန်း(Golf Tourism)ကိုအခြေခံ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုလည်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးမှုများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများအပေါ် မြန်မာသံရုံး၊ ဆိုးလ်မြို့မှတာဝန်ရှိသူများနှင့် စီးပွားရေးသံမှူးတို့က သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ညှိနှိုင်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**Source: (ဝင်းပပသူ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

## တရုတ် AI မော်ဒယ်တွေ အမေရိကန်နည်းပညာကို အမီလိုက်လာပြီး ဈေးကွက်မှာနေရာရလာ




တရုတ်နည်းပညာကုမ္ပဏီတွေရဲ့ ဉာဏ်ရည်တု (AI) မော်ဒယ်တွေဟာ အမေရိကန်ရဲ့ထိပ်တန်း OpenAI, Anthropic တို့ကို အရှိန်အဟုန်နဲ့ အမီလိုက်လာနေတယ်လို့ နယူးယောက်တိုင်းမ်စ် သတင်းစာက ဖော်ပြခဲ့ပါတယ်။

မကြာသေးမီက အမေရိကန်အစိုးရရဲ့ ကန့်သတ်ချက်ကြောင့် Anthropic က သူ့ရဲ့အစွမ်းထက်ဆုံး AI မော်ဒယ် တွေကို ပိတ်ခဲ့ရချိန်မှာ တရုတ်ရဲ့ Z.ai (智谱AI) က GLM-5.2 မော်ဒယ်ကို ထုတ်လုပ်ပြသခဲ့ပါတယ်။ အဲဒီမော်ဒယ်ဟာ အမေရိကန်မော်ဒယ်တွေနီးပါး အစွမ်းထက်ပြီး ကွန်ပျူတာကုဒ် ရေးသားတာမှာ ထူးချွန်တဲ့အပြင်၊ စရိတ်စက အားဖြင့် (၈) ဆခန့် ပိုမိုသက်သာတယ်လို့ သိရပါတယ်။ လက်ရှိ ကမ္ဘာ့လူကြိုက်အများဆုံး AI မော်ဒယ် (၁၀) ခုအနက် (၆) ခုကလည်း တရုတ်နိုင်ငံထုတ် ဖြစ်နေပါတယ်။

ဈေးနှုန်းသက်သာပြီး စွမ်းဆောင်ရည်မြင့်မားမှုကြောင့် Microsoft နဲ့ Amazon လို အမေရိကန်နည်းပညာ ကုမ္ပဏီကြီးတွေအနေနဲ့ သူတို့ရဲ့စနစ်တွေထဲမှာ တရုတ် AI မော်ဒယ်တွေကို ထည့်သွင်းအသုံးပြုနေကြပြီဖြစ်ပါတယ်။ Microsoft က သူ့ရဲ့

ထုတ်ကုန်အချို့မှာ OpenAI နဲ့ Anthropic အစား တရုတ် DeepSeek မော်ဒယ်ကို ပြောင်းလဲသုံးဖို့အထိ စဉ်းစားနေတယ်လို့ သိရပါတယ်။

ဒါပေမဲ့လည်း တရုတ် AI မော်ဒယ်တွေက အချက်အလက် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုတွေ၊ နည်းပညာခိုးယူမှု စွပ်စွဲချက်တွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ အမေရိကန်ရဲ့အဆင့်မြင့်ချစ်ပ်ပြား ပိတ်ဆို့မှုတွေရှိနေပေမဲ့ တရုတ်ကုမ္ပဏီတွေကတော့ ပြည်ပ Data Center တွေကနေတစ်ဆင့် နည်းပညာကို မြှင့်တင်နေကြပါတယ်။ အမေရိကန်ရဲ့ ဒီလိုကန့်သတ်ချက်တွေကြောင့်ပဲ ရေရှည်မှာ တရုတ်နိုင်ငံဟာ ကမ္ဘာ့ AI ဗဟိုချက်ဖြစ်လာနိုင်တယ်လို့ ပညာရှင်တွေက သတိပေးထားပါတယ်။

**Source:** https://www.npnewsmm.com/news

## ဆိုက်ဘာလုံခြုံရေးအတွက် နည်းပညာအပြင် လူ့စွမ်းအားအရင်းအမြစ်ပါလိုအပ်

ဆိုက်ဘာတိုက်ခိုက်မှုများသည် နည်းပညာစနစ်တစ်ခုတည်း၏ အားနည်းချက်ကြောင့်သာမဟုတ်ဘဲ လူ့စွမ်းအား အရင်းအမြစ်နှင့် လုံခြုံရေးစီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်များလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း ဆိုက်ဘာ လုံခြုံရေး ကျွမ်းကျင်သူတစ်ဦးအား The Statesman ဂျာနယ်မှ ဆက်သွယ်မေးမြန်းချက်များအရ သိရသည်။ ပြီးခဲ့သည့် (ဇွန်လ ၂၅) ရက်တွင် LAPSUS$ ဟက်ကာ အဖွဲ့ က ဧရာဝတီဘဏ် (AYA Bank)၏ System များကို ဖောက်ထွင်း ခိုးယူနိုင်ခဲ့ကြောင်းနှင့် ဘဏ်ဘက်က ဆက်သွယ်လာခြင်းမရှိပါက ယင်းအချက်အလက်များအား ရောင်းချမည်ဟု ခြိမ်းခြောက် ခဲ့ရာ ဘဏ်ဘက်က ပြန်လည်ရှင်းလင်းရာတွင် ယင်းမှာ Application Portal အဟောင်းတခုက အချက်အလက်မျှသာ ဖြစ်ကြောင်းနှင့် ပင်မစနစ်များနှင့် တိုက်ရိုက်ချိတ်ဆက်ထားခြင်းမရှိကြောင်း အသိပေးထားသည်။

"စနစ်တိုင်းက ရာနှုန်းပြည့် လုံခြုံတယ်ဆိုတာမရှိပါဘူး။ ဘဏ်တွေသာ မဟုတ်ဘဲ နိုင်ငံတကာက အဖွဲ့အစည်းကြီး တွေတောင် ဆိုက်ဘာတိုက်ခိုက်ခံရတာတွေရှိပါတယ်။ အဓိကကတော့ Login Portal တွေ၊ Application တွေရဲ့ အားနည်းချက်ကို အသုံးချပြီး ဝင်ရောက်တိုက်ခိုက်တာမျိုး ဖြစ်နိုင်ပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများ ရှားပါးလာခြင်းသည် ဘဏ်များ၏ လုံခြုံရေး ဆောင်ရွက်မှုများကို ထိခိုက်စေပြီး ကျွမ်းကျင်ဝန်ထမ်းအများစုမှာ ပြည်ပသို့ ထွက်ခွာအလုပ်လုပ်နေကြသဖြင့် လုံခြုံရေး စနစ် များကို စောင့်ကြည့်ထိန်းသိမ်းရန် လိုအပ်သည့် လူအင်အား မလုံလောက်သည့်အခြေအနေဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဘဏ်တိုင်းမှာ Internal Security Team၊ External Security Team တွေ ရှိပေမယ့် Log တွေကို အမြဲစောင့်ကြည့်ဖို့၊ Vulnerability Assessment နဲ့ Penetration Testing တွေကို ပုံမှန်လုပ်ဖို့ လိုပါတယ်။ ဒါက လူတစ်ယောက် Medical Check-up လုပ်သလို ကိုယ့်စနစ်ကိုယ် အမြဲစစ်ဆေးနေဖို့ လိုတာပါ" ဟု ၎င်းက ရှင်းပြသည်။

ထို့ပြင် ဘဏ်များအကြား ဆိုက်ဘာခြိမ်းခြောက်မှုဆိုင်ရာ သတင်းအချက်အလက်များ မျှဝေနိုင်သည့် ပူးပေါင်းဆောင်ရွက် ရေး ယန္တရားတစ်ခု လိုအပ်နေကြောင်းနှင့် ဘဏ်တစ်ခုတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကို အခြားဘဏ်များနှင့်မျှဝေကာ ကြိုတင်ကာကွယ်နိုင်မည်ဆိုပါက အလားတူဖြစ်ရပ်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်းလည်း သုံးသပ်သည်။ "ဘဏ်တစ်ခုမှာ ပြဿနာဖြစ်ရင် တခြားဘဏ်တွေကလည်း ဝိုင်းကူသင့်ပါတယ်။ ဒါက ပြိုင်ဘက်ဆိုတဲ့ သဘောထက် နိုင်ငံရဲ့ငွေကြေးစနစ် လုံခြုံရေးအတွက် ပူးပေါင်းရမယ့်ကိစ္စပါ။ လိုအပ်ရင် Cyber လုံခြုံရေးစေတနာ့ဝန်ထမ်းတွေပါ ပါဝင်ကူညီနိုင်မယ့် စနစ်မျိုး ရှိသင့် ပါတယ်" ဟု ၎င်းကပြောသည်။

ဘဏ်များတွင် ငွေကြေးဆုံးရှုံးမှုထက် ပိုမိုစိုးရိမ်ရသည့် အချက်မှာ သုံးစွဲသူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ပေါက်ကြားနိုင်ခြင်းဖြစ်ကြောင်းလည်း ၎င်းကသတိပေးသည်။ မှတ်ပုံတင်အချက်အလက်၊ ဖုန်းနံပါတ်၊ လိပ်စာနှင့် အခြား အတည်ပြုချက်အတွက် အသုံးပြုသည့် အချက်အလက်များ ပေါက်ကြားပါက လိမ်လည်မှု၊ အကောင့်ဖွင့်အသုံးချမှုနှင့် အခြားရာဇဝတ်မှုများ ဖြစ်ပွားလာနိုင်ကြောင်းဆိုသည်။ "စနစ်က ဘယ်လောက်ပဲ လုံခြုံနေပါစေ Human Error ကို မရှောင်နိုင်

ပါဘူး။ Antivirus ရှိတာနဲ့ မလုံလောက်ပါဘူး။ ဝန်ထမ်းတွေက Link တစ်ခုကို နှိပ်သင့် မနှိပ်သင့်၊ File တစ်ခုကို Scan လုပ်သင့် မလုပ်သင့်ဆိုတာ သိထားဖို့လိုပါတယ်။ Cyber Security Awareness မရှိရင် အားလုံးရဲ့ လုံခြုံရေးကို ထိခိုက်စေနိုင်ပါတယ်" ဟု ၎င်းကပြောသည်။

**Source:** https://www.npnewsmm.com/news

## STOCK EXCHANGE (1.7.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Jul. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,944 (Shares) | 15,949,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 76 | 1,368,000 | 33,109,694 | 595,975 |
| MTSH | 00002 | 8,900 | +300 | +3.49% | 9,000 | 9,000 | 8,700 | 107 | 953,500 | 38,929,150 | 346,469 |
| MCB | 00003 | 13,000 | +0 | +0.00% | 13,000 | 13,000 | 13,000 | 2 | 26,000 | 10,400,986 | 135,213 |
| FPB | 00004 | 7,200 | +200 | +2.86% | 7,200 | 7,200 | 7,200 | 311 | 2,239,200 | 31,144,738 | 224,242 |
| TMH | 00005 | 4,000 | +250 | +6.67% | 3,800 | 4,100 | 3,700 | 49 | 182,100 | 12,823,224 | 51,293 |
| EFR | 00006 | 2,050 | -50 | -2.38% | 2,100 | 2,100 | 2,050 | 2,433 | 5,009,300 | 19,977,223 | 40,953 |
| AMATA | 00007 | 3,900 | -50 | -1.27% | 3,900 | 3,900 | 3,900 | 3 | 11,700 | 10,497,598 | 40,941 |
| MAEX | 00008 | 6,400 | +100 | +1.59% | 6,300 | 6,400 | 6,300 | 963 | 6,159,300 | 23,804,946 | 152,352 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 1st Jul. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 836.87 | +11.58 | +1.40% | 836.78 | 837.82 | 830.63 | 3,944 | 15,949,100 | 8 | 1,587,438 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:30 am, 2nd Jul. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,916 (Shares) | 26,457,500 (MMK) |

| MYANPIX | 834.65 ▼ 2.22 |
|---|---|
| Total Volume (shares) | 2,916 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,583,220 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 18,000 | ▲ 0 |
| MTSH | 00002 | 8,800 | ▼ 100 |
| MCB | 00003 | 13,000 | ▲ 0 |
| FPB | 00004 | 7,100 | ▼ 100 |
| TMH | 00005 | 3,950 | ▼ 50 |
| EFR | 00006 | 2,050 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 100 |
| MAEX | 00008 | 6,500 | ▲ 100 |

TIR